# မကွေးတိုင်းရင်းဆေးရုံတွင် ၂၀၁၃- ၂၀၁၄ ခုနှစ်အတွင်း လာရောက်ကုသမှုခံယူသော လေငန်းလူနာများ၏ အခြေအနေ

ဇင်မာမြင့်၊ အိအိမွန်၊ မူမူစိုး၊ နော်ဖောမူဟွား၊ ခိုင်နွေဦး၊ ယုယုအေး၊ ချိုချိုဦး
မကွေးတိုင်းရင်းဆေးရုံ

မကွေးတိုင်းရင်းဆေးရုံတွင် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းလူနာဌာနတွင် လေငန်းပေါင်း ၃၃၅ ဦး ကုသပေးခဲ့ပါသည်။ ထိုကဲ့သို့ ကုသရာတွင် အချို့လူနာများမှာ သက်သာပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားသကဲ့သို့ အနည်းငယ် သက်သာ၍ ဆေးရုံမှ ဆင်းသွားသော လူနာများလည်းရှိပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းမကွေးတိုင်းရင်းဆေးရုံမှ လေငန်းရောဂါဝေဒနာရှင်များ၏ အဖြစ်များဆုံးအသက်အရွယ်ကို သိရှိစေရန် ရည်ရွယ်၍ အဖြစ်များဆုံး အသက်အရွယ်အပိုင်းအခြားရှိ လူနာအယောက် ၃၀ ၏ ဆေးရုံတက်စအခြေအနေနှင့် ဆေးရုံဆင်း အခြေအနေတို့အား စာတမ်းအဖြစ် ရေးသားပြုစုတင်ပြခြင်း ဖြစ်ပါသည်။